အများနဲ့မတူ၊ ထူးခြားတဲ့ မျက်နှာသွင်ပြင်ကို
ပိုင်ဆိုင်ထားရတဲ့ အောဂတ်စ်.. ဆိုတဲ့ ကောင်လေးဟာ
အခုထိ ကျောင်း အစစ်မှာ ကျောင်းမတက်ဖူးသေးဘူး။
ငယ်ကတည်းကနေ ၁၀ နှစ်သား အရွယ်အထိ အိမ်မှာပဲ စာသင်ခဲ့ရတာ။

ဒါပေမယ့်.. ဒီနှစ်မှာ သူ ကျောင်းစတက်ရတော့မယ်။
ကျောင်းအသစ်၊ ပတ်ဝန်းကျင်အသစ်ကို သူ..ဝင်တိုးရတော့မယ်။

ဒီပတ်ဝန်းကျင်အသစ်က အောဂတ်စ်ကို လက်ခံပါ့မလား။
စိန်ခေါ်မှုတွေကို အောဂတ်စ် ဘယ်လို ရင်ဆိုင်မလဲ။
အခက်အခဲတွေကို သူနဲ့ အတူ ရင်ဆိုင်ကျော်ဖြတ်ပေးကြမယ့်
သူ့ မိသားစုဝင်တွေ၊ သူငယ်ချင်း အဟောင်း၊ အသစ်တွေ..
သူတို့ကရော ဒီ ရွှန်းစားခန်းမှာ ဘယ်လို ပါဝင်နေသလဲ..။

အမေရိကန် စာရေးဆရာမ R.J. Palacio ရဲ့ Wonder စာအုပ်ဟာ
နယူးယောက်တိုင်းမ် သတင်းစာရဲ့ 'အရောင်းရဆုံး စာအုပ်များ'
စာရင်းမှာ နှစ်ရှည်လများ ပါဝင်ခဲ့တဲ့ စာအုပ်ကောင်း တစ်အုပ်ပါ။
ရုပ်ရှင်အဖြစ် ရိုက်ကူးတော့လည်း အင်မတန် အောင်မြင်ခဲ့ပါတယ်။
'ဆုလာဘ်' ဆိုတဲ့ ဒီစာအုပ်ကို ဖတ်တဲ့အခါ..
အရွယ်နဲ့ မလိုက်အောင် အခက်အခဲပေါင်း များစွာကို
ခံစားဖြတ်သန်းခဲ့ရတဲ့ အောဂတ်စ် ဆိုတဲ့
ကောင်လေးတစ်ယောက်ရဲ့ ရဲရင့်ခြင်း၊ လူသားဆန်ခြင်းနဲ့
မျှော်လင့်ခြင်းတွေကို သက်ဝင်ခံစားရင်း ရင်ကိုနွေးစေပါလိမ့်မယ်။

## ဘာသာပြန်သူ၏ အမှာ

ရထားပေါ်က မိန်းကလေး၊ အမှောင် စတဲ့ စာအုပ်တွေကို ဘာသာပြန် ထုတ်ဝေပြီးတဲ့ နောက်ပိုင်းမှာ.. ဒီလို စိတ်ခြောက်ခြားစရာ ဇာတ်လမ်းတွေကို ခဏနားပြီး စိတ်ချမ်းသာစေမယ့်၊ ရင်ကို အေးစေမယ့် စာအုပ် တစ်အုပ်လောက်တော့ ဘာသာပြန်ဦးမယ်လို့ ကျွန်တော် စဉ်းစားပါတယ်။

အမေရိကန် စာရေး ဆရာမ R.J. Palacio ရဲ့ Wonder စာအုပ်ဟာ အင်မတန် အောင်မြင်ခဲ့တဲ့ စာအုပ်ကောင်း တစ်အုပ်ပါ။ ရုပ်ရှင်အဖြစ် ပြန်ရိုက်တော့လည်း အရမ်းကို လူကြိုက်များခဲ့ပါတယ်။

ဒီစာအုပ်ရဲ့ အဓိက ဇာတ်ကောင်ဖြစ်တဲ့ အောဂတ်စ် ပူးလ်မန်း ဆိုတဲ့ ကောင်လေးအကြောင်းကို ဖတ်ရင်း ကျွန်တော့် ငယ်ဘဝကို သတိရမိတယ်။ မြို့ပေါင်းများစွာရဲ့ ကျောင်းပေါင်းများစွာကို လှည့်ပတ် တက်ခဲ့ရတဲ့ အတွက် ကျွန်တော့်မှာ ကျောင်းသားဘဝဆိုတာကို မည်မည်ရရ မှတ်မိစရာ မရှိခဲ့ဘူး။ ငယ်သူငယ်ချင်းဆိုတာလည်း မရှိသလောက်။ ဒါကြောင့် ဒီစာအုပ်ထဲမှာပါတဲ့ အောဂတ်စ်ရဲ့ သူငယ်ချင်းတွေရဲ့ သနားကြင်နာ ဖေးမခြင်းတွေကို ဖတ်ရတဲ့ အခါ ကျွန်တော့် စိတ်ထဲ တော်တော်လေး နွေးသွားတယ်။

အောဂတ်စ်ရဲ့ ရဲရင့်မှုနဲ့ လူသားဆန်မှုတွေဟာ အတုယူချင်စရာပါ။ သူဟာ ၁၀ နှစ် အရွယ် ကောင်လေး တစ်ယောက် ဆိုပေမယ့် သူကြုံခဲ့ရတဲ့ အခက်အခဲတွေ၊ ရှုန်းကန်ရခြင်းတွေက တော်ရုံ လူကြီးတွေတောင်မှ မခံနိုင်ဘဲ ပြိုလဲ သွားနိုင်တယ်။ ဒါကြောင့် ဘယ်လို ခက်ခဲမှုမျိုးနဲ့ပဲ ရွေးဖွားကြီးပြင်းလာပါစေ အရှုံးမပေးဘဲ ရှေ့ဆက်လျှောက်မယ် ဆိုတဲ့ သူ့ရဲ့ စိတ်ဓာတ်ကို ကျွန်တော် အားကျမိတယ်။

စာဖတ်သူတွေလည်း ဒီ 'ဆုလာဘ်' စာအုပ်ကို ဖတ်ပြီးသွားတဲ့အခါ အောဂတ်စ်က မျှဝေပေးတဲ့ ခွန်အားတွေနဲ့ အားရှိသွားကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။

\- ချမ်းမြေ့ဝင်း